တောင်ယာကမ်းကျေးရွာ
ပုလောမြို့နယ်၊
မြိတ်ခရိုင်
တနင်္သာရီတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉ - ၂၀၂၃)






ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
တောင်ယာကမ်းကျေးရွာ၊ ပုလောမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၀ပြည့်နှစ်၊ ဇွန်လ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	
	တောင်ယာကမ်းကျေးရွာ သယံဇာတပြမြေပုံ၊ ပုလောမြို့နယ်	
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စိမ်ခန့်ခွဲမှု အခြေအနေ**	
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	
	(က) သီးနှံ စိုက်ပျိုးရေး	
	(ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း	
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	
	(ခ) ကျေးရွာ မီးလင်းရေး	
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	
၆။	**ပညာရေး**	
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၉/၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၀၂၄ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့်

လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက်အဆိုပြုလွှာစသည် တို့ကို အဓိကထား ဖော်ပြထားပါသည်။

၂၀၂၀ခုနှစ်၊ မေ လ


ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
တောင်ယာကမ်းကျေးရွာ
ပုလောမြို့နယ်

တောင်ယာကမ်း ကျေးရွာသယံဇာတပြမြေပုံ၊ ပုလောမြို့နယ်




ဟောင်ယာဇာမ်း

⇒ အညွှန်း ⇐

 - ကားလမ်းမကြီး

 - မြောင်း

 - လယ်

 - လူနေအိမ်

 - ဆေးခန်းကျောင်း

 - ဘုန်းကြီးကျောင်း

 - လမ်း

 - တံတား

 - ရေဖြန်း

 - ဥယျာဉ်ခြံ

 - ခရိုတော

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

တောင်ယာကမ်းကျေးရွာသည် တောင်ယာကမ်းကျေးရွာအုပ်စု၊ ပုလောမြို့နယ်တွင် ပါဝင်ပါသည်။ မြောက်လတ္တီတွဒ် ၁၂ဒီဂရီ၅၉မိနစ်၂၃စက္ကန့်နှင့် အရှေ့လောင် ဂျီတွဒ် ၉၈ဒီဂရီ ၃၉မိနစ်၂၅စက္ကန့်ကြားတွင် တောင်ယာကမ်းကျေးရွာ၏ အရှေ့ဘက်တွင် စစ်ပြင်ကြီးကျေးရွာ၊ အနောက်ဘက်တွင် အောက်ပေါင်းကျေးရွာ၊တောင်ဘက်တွင် ပုလောမြို့၊ မြောက်ဘက်တွင် သင်္ကန်းမော်ကျေးရွာ တို့နှင့် ထိစပ်လျှက်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

တောင်ယာကမ်းကျေးရွာသည် ပူနွေးစွတ်စိုသော ရာသီဥတုရှိပြီး၊ အမြင့်ဆုံးပူချိန် (၅၀) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ (၃၅) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ တောင်ယာကမ်းကျေးရွာ၏ အမြင့်ဆုံးမိုးရေချိန်မှာ (၁၉၀) လက်မဖြစ်ပြီး၊ အနိမ့်ဆုံးမိုးရေချိန်မှာ (၉၅) လက်မဖြစ်ပါသည်။ ကျေးရွာတွင် သဘာဝသယံဇာတ အရင်းအမြစ်များ၊ကျောက်၊ ကျောက်စရစ်) မထွက်ရှိပါ။ ကျေးရွာပတ်ဝန်းကျင်တွင် ဆေးဖက်ဝင်ပေါက်ရောက်သည့်အပင်များမှာ ပန်းကညင်း၊ဒညင်း၊တမာခါးပင်များ ပေါက်ရောက်ပါသည်။ဘဘာဝပတ်ဝန်းကျင်မှာ အမြဲစိမ်းတောများဖြင့် ဖုံးလွှမ်းလျက် ရှိပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

တောင်ယာကမ်းကျေးရွာတွင် အိမ်ထောင်စုပေါင်း (၈၀) အိမ်ရှိ ပြီး လူဦးရေစုစုပေါင်း (၃၂၄) ဦးရှိပါသည်။ ကျေးရွာတွင် ဖွံ့ဖြိုးမှုပိုင်းအနေဖြင့် တိုးတက်မှု အသင့်အတင့်ရှိသော ကျေးရွာတရွာဖြစ်ပါသည်။တောင်ယာကမ်းကျေးရွာတွင် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ သာသနာရေး ရာများ ဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်း(၈)ခုရှိပြီး ပရဟိတအဖွဲ့မှ ကျေးရွာ၏ လူမှုရေးလုပ်ငန်းများအား အဓိက ဆောင်ရွက်နေကြပါသည်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ ပညာရေး၊ကျန်းမာရေး၊ ဘာသာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးစသည့် ကဏ္ဍများတွင် ကာလသား/ သမီးအဖွဲ့၊ အိမ်ထောင်ငယ်အဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ရပ်မိရပ်ဖအဖွဲ့ ၊ကျောင်းအကျိုးတော်ဆောင် အဖွဲ့တို့သည် ဦးဆောင်ဦးရွက်ပြုလုပ်ဆောင်ပြီး စသည့် အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက် နေကြ ပါသည်။

တောင်ယာကမ်းကျေးရွာတွင် ချေးငွေအတွက် **Vision Fund**မှ အတိုး(၂ကျပ် ၂၀ပြား) ဖြင့် ၅သိန်းမှ ၁၅သိန်းအထိ ပိုင်ဆိုင်မှုပြု၍ (၁)နှစ်ကာလ ကြာမြင့်စွာ ထုတ်ချေး

ပေးလျှက်ရှိပါသည်။ **World Vision** အဖွဲ့မှ ကျေးရွာအတွင်း ငွေစုငွေချေး အဖွဲ့အစည်း တစ်ခုပေါ်ပေါက်လာစေရန်နှင့် ရေရှည်တည်တံ့စေရန် နည်းပညာများ ပံ့ပိုးပေး လျှက်ရှိပါသည်။ တောင်ယာကမ်းကျေးရွာ၏ လူမှုရေး၊ ကျန်းမာရေး၊ ဘာသာရေး ကိစ္စများ ပိုမိုတိုးတက် ကောင်းမွန်စေရန် ကျေးရွာအတွင်းရှိ ပရဟိတအဖွဲ့နှင့် ကျေးရွာပြင်ပရှိ ပရဟိတအဖွဲ့တို့ ချိတ်ဆက် ဆောင်ရွက်ရန် လိုအပ်လျှက်ရှိပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

တောင်ယာကမ်းကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ ဥယျာဉ်ခြံမြေ (၁၆၅)ဧက ရှိပါသည်။ ၂.၅ဧကအောက် ဆင်းရဲသားတောင်သူ(၂၀)အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၁၀) အိမ် ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၁၀) အိမ်ထောင်စု၊ ၁၂.၅ ဧကအထက် တောင်သူကြီး (၁၀)အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် ဥယျာဉ်ခြံ သီးနှံများ ကို အဓိကအားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စု၏ (၃၇.၅%) ခန့်ရှိပါသည်။ တောင်ယာကမ်းကျေးရွာတွင် လယ်နှင့် ရော်ဘာခြံများကို ဦးစားပေး စိုက်ပျိုး လုပ်ကိုင်ကြပြီး အဆိုပါ လုပ်ငန်းများတွင် နေ့စားလုပ်သားများ၊ အစေးခြစ် လုပ်သား များအဖြစ် လုပ်ကိုင်နေကြသည့် အိမ်ထောင်စုများလည်းရှိကြပါသည်။ တိရစ္ဆာန်မွေးမြူရေးကို စီးပွားဖြစ် လုပ်ကိုင်နေကြ သည့် အိမ်ထောင်စု(၁)စု ရှိပြီး တစ်ပိုင်တစ်နိုင်အဖြစ် မွေးမြူနေကြသူများလည်း ရှိပါသည်။ ဓနိတော(ပျားကျို) ခြင်းလုပ်ငန်းကိုလည်း ရာသီအလိုက် လုပ်ကိုင်ကြပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် လက်သမား၊ ပန်းရံ အဖြစ် လုပ်ကိုင်ကြသည့် အိမ်ထောင်စုများ၊ မြေအိုးပြုလုပ်ခြင်း၊အပ်ချုပ်ခြင်း လုပ်ကိုင်သည့် အိမ်ထောင်စုများလည်း ရှိပါသည်။ ထို့အပြင် တစ်ပိုင်တစ်နိုင်စျေးဆိုင်များ လုပ်ကိုင်ကြပြီး ကျောင်းဆရာမများ၊ ကျန်းမာရေး ဝန်ထမ်းများအဖြစ် လုပ်ကိုင်နေကြသူများလည်း ရှိကြပါသည်။ အခြားအသက်မွေးမှု နည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စု နည်းပါးသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးသောကြောင့် တခြားပြင်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် ဦးရေ အနည်းငယ်ပိုများရခြင်း ဖြစ်ပါသည်။

(ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

တောင်ယာကမ်းကျေးရွာ၏ မွေးမြူရေးကဏ္ဍတွင် အိမ်ထောင်အများစုမှာ နွား၊ ဝက်၊ ကြက်၊ ဘဲ စသည်တို့ကို တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပြီး မွေးမြူရေး လုပ်ငန်းကို အဓိက ဦးစားပေး စီးပွားဖြစ်လုပ်ကိုင်နေသည့် အိမ်ထောင်စု (၁) စု ရှိပါသည်။ တိရစ္ဆာန်ရောဂါ ကျရောက်မှုနှင့် ပတ်သက်၍ နည်းပညာပိုင်း ဆိုင်ရာ သိရှိမှုအားနည်းပြီး မွေးမြူရေး

ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများပုံမှန်မရရှိပေ။စီးပွါးဖြစ် မွေးမြူရေးလုပ်ငန်း လုပ် ကိုင်မည် ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်း ကြပါသည်။တိရစ္ဆာန်ကူးစက်ရောဂါများ ကျရောက်မှု နည်းပါးသော်လည်း စီးပွား ဖြစ် မွေးမြူရေးဆိုင်ရာနည်းစနစ်များနှင့် ရောဂါကာကွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲများ ပြလုပ် ပေးနိုင်ပါက စီးပွါးဖြစ်မွေးမြူသည့်အိမ်ထောင်စု ပိုမို များပြားလာမည်ဖြစ်ပါသည်။ ငါးလုပ် ငန်း ဆိုင်ရာ ဖမ်းဆီး/မွေးမြူသည့် အိမ်ထောင်စု များမရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

တောင်ယာကမ်းကျေးရွာတွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် လက်သမား၊ ပန်းရံ အဖြစ် လုပ်ကိုင်ကြသည့် အိမ်ထောင်စုများ၊ မြေအိုးပြုလုပ်ခြင်း၊အပ်ချုပ်ခြင်း လုပ်ကိုင် သည့် အိမ်ထောင်စုများလည်း ရှိပါသည်။ ထို့အပြင် တစ်ပိုင်တစ်နိုင်စျေးဆိုင်များ လုပ်ကိုင်ကြပြီး ကျောင်းဆရာမများ၊ ကျန်းမာရေး ဝန်ထမ်း များအဖြစ် လုပ်ကိုင် နေကြသူများလည်း ရှိကြပါသည်။ အခြားအသက်မွေးမှု နည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စု နည်းပါး သဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါး သောကြောင့် တခြားပြင်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် ဦးရေ အနည်းငယ် ပိုများရခြင်း ဖြစ်ပါသည်။ တောင်ယာကမ်း ကျေးရွာ၏ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေး ဝမ်းကျောင်းလုပ်ငန်း ကျွမ်းကျင်မှု အားနည်းပါသည်။ ကျေးရွာထွက်ကုန်များကို အဆင့်မီ ကုန်ချောအဖြစ်အဆင့်မြင့် တင်သည့် စနစ်များကို သင်တန်းပေးရန် လိုအပ်နေပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ လျှပ်စစ်မီး ရရှိနိုင်ခြင်း၊ အသေးစား လုပ်ငန်းများ အတွက် ဈေးကွက် အသိအမြင် အသင့် အတင့်ရှိခြင်း၊ ချေးငွေရနိုင်မှု အသင့်အတင့် ရှိခြင်းတို့ကလည်း ကျေးရွာ၏ အသေးစား အလတ်စား စီပွားရေး လုပ်ငန်း များအတွက် အသက်မွေးမှု ပြုနိုင်သည့် အခွင့်အလမ်း ကောင်းများဟု ဆိုရမည်ဖြစ်ပါသည်။ အသက်မွေး ဝမ်း ကျောင်းလုပ်ငန်းအတွက် နည်းပညာ ဝန်ဆောင်မှုများ ရရှိရန် လိုအပ်နေပါ သည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

တောင်ယာကမ်းကျေးရွာတွင် လယ်သမားများ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ ချေးငွေရရှိပါသည်။ လယ်စိုက်ပျိုးသူများသည် သီးနှံထွက်ရှိချိန်တွင် မြန်မာ့ လယ်ယာ ဖွံ့ဖြိုးရေးဘဏ်သို့ ပြန်လည် ပေးဆပ်ရသည် ။ချေးငွေကာလတိုပြီး လုံလောက် သော ချေးငွေများ မရသည်ကလည်း လုပ်ငန်းတိုးချဲ့နိုင်ရန်အတွက် ကြန့်ကြာမှုများ ဖြစ်နေ သဖြင့်

ကာလရှည်ချေးငွေများ ရရှိလိုကြပါသည်။အစိုးရမဟုတ်သော ပြင်ပအဖွဲ့အစည်း **Vision Fund** မှ ချေးငွေရှိ ပါသည် ။မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ပုံစံ(၇)တင်ပြနိုင် သည့် လယ်သမားများသာ ချေးငွေရရှိပြီး **Vision Fund**မှာ ပိုင်ဆိုင်မှုပြနိုင်မှသာ အနည်း ဆုံး(၅)သိန်းမှအများဆုံး (၁၅)သိန်းသာ ချေးယူရှိပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

တောင်ယာကမ်းကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စက်ဘီးများ ကျောင်းသူ /သားများ သွားလာရေးအတွက် အသုံးပြု၍ မော်တော်ဆိုင်ကယ်၊ကားတို့မှာ သွားလာရေး နှင့် စီးပွါးရေးကိစ္စတွင် အသုံးပြုကြပါသည်။ စက်ဘီးစီးရေမှာ (၅)စီး ၊ဆိုင်ကယ် (၁၀၀)စီး၊ သုံးဘီး၊ထော်လာကျီ(၅)စီး၊ မော်တော်ကား(၆)စီးရှိပြီး ရွာ၏သယ်ယူ ပို့ဆောင်ရေး တွင် အဓိကအသုံးပြုကြပါသည်။

ကျေးရွာတစ်ရွာ၏ဖွံ့ဖြိုးမှုကို သုံးသပ်လိုလျှင် ကျေးရွာအခြေခံ အဆောက်အဦး ဖွံ့ဖြိုးမှုမှာလည်း အရေးပါလှသော အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ တောင်ယာကမ်း ကျေးရွာ၏ ချဉ်းကပ်လမ်း(၁.၃၄)မိုင်မှာ ကျေးရွာ အဝင်လမ်းဖြစ်သည့်အတွက် ကျေးရွာ၏ ဖွံ့ဖြိုးမှု အခြေအနေကို သုံးသပ်လျှင် ဖွံ့ဖြိုးမှု အားနည်းနေခြင်းကြောင့် မြေသားလမ်းအား ကွန်ကရစ် လမ်းအဖြစ်အဆင့်မြှင့်တင်ရန် လိုအပ်နေသည့်အတွက် ကျေးလက်လမ်းဦးစီး ဌာနသို့ တင်ပြ တောင်းခံထားပါသည်။တောင်ယာကမ်း– သုခ– တမိုင်တောင် ကျေးရွာချင်း ဆက်လမ်း(၂)မိုင်မှာ ကူးသန်း ရောင်းဝယ် ရေးလုပ်ကိုင်နေသော လမ်းဖြစ်သည့် အတွက် လည်း ၎င်းလမ်းကိုလည်း ကွန်ကရစ်လမ်းအဖြစ်ပြုပြင်ရန် လိုအပ်နေပါသည်။ ကျေးရွာ တွင်းလမ်း(၇၀၀)ပေမှာ မိုးရာသီတွင် ရေကျော်ခြင်း၊ရွံ့ဗွက်ထခြင်းများကြောင့် ရဟန်းသံဃာ များ ဆွမ်းခံကြွခြင်း၊ ကျောင်းသား/ သူများသွားလာရခက်ခဲခြင်း၊ကျေးရွာတွင်း သာရေး၊ နာရေး၊စီးပွါးရေး၊လူမှုရေးများအတွက် အနှောင့်အယှက်အခက် အခဲဖြစ်နေခြင်းများ ကြုံတွေ့ နေရသောကြောင့် ကွန်းကရစ်လမ်းအဖြစ် အဆင့်မြှင့် တင်ရန် အထူးလိုအပ်နေပါသည်။

တောင်ယာကမ်းကျေးရွာတွင် ရေပြွန်(၈)လုံးရှိပြီးရေပြွန်အသေး (၂)လုံးပြုပြင်ရန် လိုအပ်လျက်ရှိပါသည်။ (၅၀)ပေရှိ ရေပြွန်သည် လမ်းလေးဆုံတွင် တည်ရှိ သောကြောင့် ရေကျော်ခြင်းများဖြစ်နေသောကြောင့် ပြုလုပ်ရန်အထူးလိုအပ်နေပါသည်။ကျေးရွာတွင် ကွန်ကရစ်တံတား(၂)စင်းရှိပြီး ချဉ်းကပ်လမ်းပေါ်ရှိ (၄' – ၁၂')တံတားမှာ ကောင်းမွန်မှုရှိပြီး ကုန်ထုတ် လမ်းပေါ်ရှိ တံတား (၃၀' – ၁၂')မှာ ပြုပြင်ရန် အထူးလိုအပ်လျက်ရှိပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

တောင်ယာကမ်းကျေးရွာတွင်(EPC)မှ(၂၄)နာရီ လျှပ်စစ်မီးရရှိ အသုံးပြုနေခဲ့ပါသည်။ ကျေးရွာလုံးကျွတ် မီးလင်းရေးနှင့်ပတ်သက်၍ အခက်အခဲမရှိပါ လျှပ်စစ်မီး အသုံးမပြု နိုင်သော အိမ်ခြေမှာ (၇၉)အိမ် ရှိပါသည်။ စီးပွားရေးမပြေလည်သော အိမ်ထောင်စု(၁)စုမှာ မီးခွက်၊ ဖယောင်းတိုင်ဖြင့် အသုံးပြုပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

တောင်ယာကမ်းကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း(၃၀၀) လုံး၊ ရေဒီယို(၄)လုံး၊ တီဗွီ(၇၅)လုံး၊ဂြိုလ်တုစလောင်း(၇၅)စသည်တို့မှ ရရှိပါသည်။ တောင်ယာကမ်းကျေးရွာ၏ ဆက်သွယ်ရေးနှင့် သတင်းအချက် အလက်ဆိုင်ရာ နည်းပညာ အခြေအနေများမှာ အိမ်တိုင်းစေ့နီးပါး ဖုန်း၊ ရေဒီယိုများ မှတဆင့် သတင်း အချက်အလက် များ ရရှိနေပြီး အချို့အိမ်ထောင်စုများတွင် ဂြိုလ်တုစလောင်း များပင် အသုံးပြုနိုင်ကြပါ သည်။ တာဝါတိုင်မရှိပါသဖြင့် လိုင်းဆွဲအားမကောင်းပါ။

၆။ ပညာရေး

တောင်ယာကမ်းကျေးရွာတွင် အခြေခံပညာ မူလတန်းကျောင်းရှိ၍ မူလတန်း ပညာ သင်ကြားရသော ကလေးများအတွက် အဆင်ပြေစွာ ကျောင်းတက်နိုင်ပြီး အစိုးရခန့် ဆရာမ (၄) ဦးမှ ကျောင်းသား(၂၇)ဦးအား ပညာသင်ကြားပေးနေပါသည်။ အလယ်တန်း အဆင့်နှင့် အထက်တန်းအဆင့် ပညာရေးကို (၁) မိုင်ခန့်သာဝေးသော ကျေးရွာ ရှိ သုခ ကျေးရွာနှင့် ပုလောမြို့တွင် အလယ်တန်း၊ အထက်တန်းကျောင်းသို့ သွားရောက် သင်ကြားရ ပါသည်။ ပညာရေး အဆောက်အဦများမှာ အသင့်အတင့်သာရှိပြီး လိုအပ်သလို ပြုပြင်ရန်နှင့် ကျောင်းတွင်းပရိဘောဂများနှင့် စာရေးထိုင်ခုံ များလည်း လိုအပ်ပါသည်။ ကျောင်းသား/ သူများ အိမ်သာအနေအထားမှာ အသင့်အတင့် ကောင်းမွန ်မှုရှိပါသည်။သောက်သုံးရေမှာ ကျေးရွာရှိ ရေတွင်းမှ အသုံးပြုနေရသဖြင့် ကျောင်းဝင်းအတွင်း လက်တူး တွင်း (၁)တွင်း လိုအပ်နေပါသည်။ နယ်ဝေးဆရာမ များအတွက်ဝန်ထမ်းအိမ်ရာ(၁)လုံး လိုအပ်လျက်ရှိပြီး မြေနေရာရှိပါသည်။ ကျောင်းအာဟာရ တိုက်ကျွေးမှု မှာလည်း လစဉ်ပုံမှန် ပြုလုပ်လျက် ရှိပါသည်။

တောင်ယာကမ်းကျေးရွာတွင် စာမတတ်သူ (၃.၆%)ရှိပါသည်။ ကျေးရွာလူဦးရေ၏ (၅၉%) မှာ မူလတန်းအဆင့် ပညာရေးသာ ပြီးမြောက်မှု ရှိကြပြီး၊ အလယ်တန်းအဆင့်အထိ တတ်မြောက်သူ (၂၃.၇%)၊ အထက်တန်းအဆင့် တတ်မြောက်သူ (၃.၉၁%)၊ တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူဦးရေမှာလည်း(၁၀.၄%) အထိ ရှိပြီး အတန်းပညာ တတ် မြောက်မှု တိုးတက် လာသော ကြောင့် အနာဂတ်ကာလ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များတွင် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ဖြစ်လာကြပါမည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

တောင်ယာကမ်းကျေးရွာနှင့် တစ်မိုင်ခန့်ဝေးသော သုခကျေးရွာရှိ ကျေးလက် ကျန်းမာရေးဌာနတွင် ကလေးမီးဖွားခြင်းနှင့် သာမန်ရောဂါများကို ကုသနိုင်ပါသည်။ အရေးပေါ်လူနာများကို ပုလောမြို့နယ် ပြည်သူ့ဆေးရုံတို့တွင် ကုသကြ ပါသည်။ လမ်းခရီး အဆင်ပြေသဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပါ။ တောင်ယာကမ်းကျေးရွာအုပ်စု၊သုခကျေးလက်ကျန်းမာရေးဌာနခွဲမှ ဆရာမများမှ ကာကွယ်ဆေးများအား ကျေးရွာအရောက် နှစ်စဉ်နှစ်တိုင်း လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက် ထိုးပေးလျက် ရှိပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျေးရွာရှိ ကလေးသူငယ်များအား ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး လာရောက်ထိုးနှံပေးခဲ့ပါသည်။

တောင်ယာကမ်းကျေးရွာတွင် (၂)ရပ်ကွက်မှာ သောက်သုံးရေအတွက် (၁)အိမ်ရေတွင်း(၁)တွင်းနီးပါးရှိကြပါသည်။အထဲပိုင်း(၁)ရပ်ကွက်မှာ အိမ်ခြေနည်းပြီး ရေတွင်း(၁)တွင်း လိုအပ်နေပါသည်။ကျေးရွာ(၁)ရွာလုံးခြုံကြည့်လျှင် ရေလုံလောက်မှုရှိပါသည်။

တောင်ယာကမ်းကျေးရွာတွင် အိမ်တိုင်းစေ့နီးပါး ယင်လုံအိမ်သာကို အသုံးပြုကြပါသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

တောင်ယာကမ်းကျေးရွာတွင် ရေကြီးရေလျှံဖြစ်သည့်မှလွဲ၍ သဘာဝဘေးအန္တရာယ် ကျရောက်မှု နည်းပါးပါသည်။ အကယ်၍ ဘေး အန္တရာယ်ကိုရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများလည်း ထားရှိမှု မရှိပါ။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု စနစ်မှာလည်း အားနည်း နေသည်ဖြစ်ရာ စနစ်တကျ စွန့်ပစ်ခြင်း၊ အမျိုးအစား အလိုက် ပြန်လည် အသုံးချခြင်းစသည့် စနစ် များအား ဦးဆောင် ဦးရွက်ပြုနိုင်မည့် ကျေးရွာတွင်း

အဖွဲ့အစည်း သို့မဟုတ် ကျေးရွာပြင်ပမှ အဖွဲ့ အစည်းများမှ လုပ်ငန်းစဉ် အဆင့်ဆင့်အား ကျေးရွာသူ/ကျေးရွာသားများ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ထိုမှသာလျှင် ကျေးရွာသူ/သားများ ကောင်းကျိုး၊ ဆိုးကျိုးကို ခွဲခြား တတ်လာပြီး သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်း များကို တက်ကြွစွာ ပါဝင်လုပ် ဆောင်လာမည် ဖြစ်ပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

တောင်ယာကမ်းကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှုအားနည်းပြီး ကျေးရွာဖွံ့ဖြိုးမှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင် ဆောင်ရွက်နေကြပါသည်။ကျေးရွာရှိ အုပ်ချုပ်ရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူပါဝင်သော်လည်း တစ်ဦးကိုတစ်ဦး ပရဟိတစိတ်ဓာတ်မွေးပြီး မိမိတို့၏ကျေးရွာအတွက် စိတ်ဓာတ်အရည်အသွေးများ မြှင့်တင် ပေးကြမည်ဆိုလျှင် မိမိတို့ကျေးရွာရှိ စီးပွါးရေး၊ လူမှုရေး၊အုပ်ချုပ်ရေးများ တွင် မုချဧကန်တိုးတက်ပြောင်းလဲလာမည်ဖြစ်ပါသည်။ အမျိုးသမီးအကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက် မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။

၁၀။ တောင်ယာကမ်းကျေးရွာအုပ်စု၊ တောင်ယာကမ်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဦးစားပေးစီမံချက်များ

စဉ်	ကဏ္ဍ	ကဏ္ဍခွဲ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	ဦးစားပေး အဆင့်	မှတ် ချက်
၁	အခြေခံအဆောက်အဦ	ကျေးလက်လမ်းရွာချင်းဆက် လမ်းတံတား ဆောက်လုပ်ခြင်း	ကျေးလက်လမ်းတံတား	ကျေးရွာတွင်းအောက်ပိုင်းလမ်း(၆၀၀'-၁၂'-၆")ပေအား ကွန်ကရစ်လမ်းခင်းခြင်း	ပထမ	
၂	အခြေခံအဆောက်အဦ	ကျေးလက်လမ်းရွာချင်းဆက် လမ်းတံတား ဆောက်လုပ်ခြင်း	ကျေးလက်လမ်းတံတား	ပြင်းငယ်တံတား(၃၀' x ၁၂') တည်ဆောက်ခြင်း	ဒုတိယ	
၃	အခြေခံအဆောက်အဦ	ကျေးလက်လမ်းရွာချင်းဆက် လမ်းတံတား ဆောက်လုပ်ခြင်း	ကျေးလက်လမ်းတံတား	ကျေးရွာတွင်း အိမ်ရှေ့ပြင်းလမ်း(၅၂၈၀)ပေအား ကွန်ကရစ်လမ်းခင်းခြင်း	တတိယ	
၄	အခြေခံအဆောက်အဦ	ကျေးလက်လမ်းရွာချင်းဆက် လမ်းတံတား ဆောက်လုပ်ခြင်း	ကျေးလက်လမ်းတံတား	အမှတ်(၁) – တောင်ယာကမ်း ချဉ်းကပ်လမ်း(၁.၃၄)မိုင်အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း		
၅	အခြေခံအဆောက်အဦ	ကျေးလက်လမ်းရွာချင်းဆက် လမ်းတံတား ဆောက်လုပ်ခြင်း	ကျေးလက်လမ်းတံတား	တောင်ယာကမ်း(သုခ)– တမိုင်တောင်ကျေးရွာ ချင်းဆက်လမ်း(၂)မိုင်အား ကွန်ကရစ်လမ်းခင်းခြင်း		
၆	အခြေခံအဆောက်အဦ	ကျေးလက်လမ်းရွာချင်းဆက် လမ်းတံတား ဆောက်လုပ်ခြင်း	ကျေးလက်လမ်းတံတား	ကျေးရွာတွင်းလမ်းပေါ်ရှိ ကွန်ကရစ်တံတား (၅၀'x ၁၂') (၁)စင်း တည်ဆောက်ခြင်း		
၇	ပညာရေး	အခြေခံပညာရေးဆိုင်ရာ	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကေဂျီ ကျောင်းဆောင်(၁)ဆောင် တည်ဆောက်ခြင်း		
၈	ပညာရေး	အခြေခံပညာရေးဆိုင်ရာ	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းဆောင်(၆၀' x ၃၀')ရှိ တံခါး၊မျက်နှာကျက် ပြုပြင်ရန် လိုအပ်ခြင်း		
၉	ပညာရေး	အခြေခံပညာရေးဆိုင်ရာ	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းခြံစည်းရိုး ကာရံခြင်း		

၁၀	ပညာရေး	အခြေခံပညာရေးဆိုင်ရာ	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ဝန်ထမ်းအိမ်ရာ (၁)လုံး တည်ဆောက်ခြင်း		

တောင်ယာကမ်းကျေးရွာအုပ်စု၊ တောင်ယာကမ်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဦးစားပေးစီမံချက်များ

စဉ်	ကဏ္ဍ	ကဏ္ဍခွဲ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	ဦးစားပေးအဆင့်	မှတ်ချက်
၁၁	ပညာရေး	အခြေခံပညာရေးဆိုင်ရာ	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းသုံးပရိဘောဂများ လုံလောက်စွာ ဖြည့်ဆည်းခြင်း		
၁၂	ငွေကြေး	အသေးစားငွေကြေးဝန်ဆောင်မှု	အသေးစား	အတိုးနှုန်းသက်သာသည့် ကာလရှည်ချေးငွေရရှိရန် ချိတ်ဆက်ခြင်း(စိုက်ပျိုး/မွေးမြူရေးမဟုတ်သော)		
၁၃	စိုက်ပျိုးရေး	စိုက်ပျိုးရေးနည်းပညာ	နည်းပညာ	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းများ ပြုလုပ်ခြင်း		
၁၄	စိုက်ပျိုးရေး	လယ်ယာလုပ်ငန်းသုံး စက်ကိရိယာနှင့် စက်မှုလယ်ယာ	စက်	လယ်ယာသုံးစက်ကိရိယာများ အရစ်ကျဝယ်ယူနိုင်ရန် ချိတ်ဆက်ပေးခြင်း		
၁၅	မွေးမြူရေး နှင့်ငါးလုပ်ငန်း မွေးမြူရေးဆေးပညာ	မွေးမြူရေးနှင့် ကုသရေးပညာပေး၊နည်းပညာ ပြန့်ပွါးရေး	နည်းပညာ	မွေးမြူရေးဆိုင်ရာနည်းပညာပေးသင်တန်းများ ပြုလုပ်ပေးခြင်းခြင်း		
၁၆	ထုတ်ကုန်လုပ်ငန်းနှင့်အသေး စား အလတ်စားစီးပွါးရေး လုပ်ငန်းများဆိုင်ရာ	အခြားထုတ်ကုန်လုပ်ငန်းများ အသေးစား အလတ်စားနှင့် အကြီး:စား လုပ်ငန်းဆိုင်ရာများ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	အသက်မွေးဝမ်းကျောင်းသင်တန်းများ(အသေးစားစက်ပြင်၊ ဆိုင်ကယ်ပြင်၊အပ်ချုပ်၊အလှပြင်၊မုန့်လုပ်) သင်တန်းပြုလုပ်ပေးခြင်း		
၁၇	လူငယ်နှင့်အားကစား	လူငယ်အရည်အသွေးနှင့်စွမ်း	လူငယ်အခွင့်အလမ်း	ကျေးရွာစာကြည့်တိုက် တည်ဆောက်ခြင်း		

		ဆောင်ရည်ဖွံ့ဖြိုးစေရေး				

နောက်ဆက်တွဲ (၁)

တောင်ယာကမ်းကျေးရွာ၊တောင်ယာကမ်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးတင်ထွန်း	ဦးစုဖြူ	ဖ/ပလန(နိုင်) ၀၁၄၀၄၆	၅၇	ဥက္ကဋ္ဌ	09770317654
၂	ဦးကျော်ထွေး	ဦးကြည်ဝင်း	ဖ/ပလန(နိုင်) ၀၅၇၈၃၂	၄၀	အတွင်းရေးမှူး	09422224729
၃	ဦးတင်ထွေး	ဦးလှရွှေ	ဖ/ပလန(နိုင်) ၀၀၇၇၆၄	၆၁	ဘဏ္ဍာရေးမှူး	-
၄	ဦးသန်းထွန်းဦး	ဦးပုလု	ဖ/ပလန(နိုင်) ၀၄၈၂၉၂	၅၄	စာရင်းကိုင်	09250128565
၅	ဒေါ်စန္ဒာ	ဦးဘမောင်	ဖ/ပလန(နိုင်) ၀၁၆၇၇၂	၄၆	စာရင်းစစ်	-
၆	ဒေါ်တင်ညို	ဦးထွန်းရင်	ဖ/ပလန(နိုင်) ၀၁၄၈၅၅	၅၃	အဖွဲ့ဝင်	09422224509
၇	ဦးဌေးနိုင်	ဦးဘန္နေး	ဖ/ပလန(နိုင်) ၀၁၁၄၉၇	၅၃	အဖွဲ့ဝင်	-
၈	ဒေါ်ပုလဲခိုင်	ဦးထွန်းမြင့်	ဖ/ပလန(နိုင်) ၀၄၄၀၇၈	၄၅	အဖွဲ့ဝင်	-
၉	ဒေါ်အေးစီ	ဦးလှဖေ	ဖ/ပလန(နိုင်) ၀၄၄၁၇၉	၅၅	အဖွဲ့ဝင်	-
၁၀	ဦးမင်းစိုး	ဦးစုဖြူ	ဖ/ပလန(နိုင်) ၀၁၁၅၂၈	၅၀	အဖွဲ့ဝင်	09455390549
၁၁	ဦးကျော်စိုး	ဦးစောရွှေ	ဖ/ပလန(နိုင်) ၀၄၄၁၉၂	၄၂	အဖွဲ့ဝင်	09422226729
၁၂	ဦးသိန်းနိုင်	ဦးပုလု	ဖ/ပလန(နိုင်) ၀၀၇၆၉၅	၅၉	နာယက	09451248080

၁၃	ဦးသိန်းပို	ဦးအေးဒင်	ဖ/ပလန(နိုင်) ၀၄၄၁၀၈	ဖ၄	ရပ်မိရပ်ဖ	-
၁၄	ဦးသိန်းလွင်	ဦးပုလု	-	ဖ၃	ရပ်မိရပ်ဖ	-
၁၅	ဦးဖုန်း	ဦးဖိုးတုတ်	ဖ/ပလန(နိုင်) ၀၀၇၇၇ဖ	၅၀	ရပ်မိရပ်ဖ	-

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	–	၂	၂
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၄	၇	၁၁
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၁	၁၂	၂၃
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၀	၂၀	၃၀
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၂၄	၁၄၀	၂၆၄
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၂၃	၃၀	၅၃
စုစုပေါင်း		**၁၇၂**	**၂၁၁**	**၃၈၃**
စုစုပေါင်း အိမ်ထောင်စု		**၈၀**		

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ တောင်ယာကမ်းကျေးရွာတွင် အဓိကအားဖြင့် ဗမာလူမျိုးများ နေထိုင်ကြပြီး အိမ်ထောင်စု(၈၀) စု၊ လူဦးရေ(၃၈၃) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ် နိုင်သည့် တစ်နှစ် အောက်နို့စို့အရွယ် (၁.၉၉%)၊ ငါးနှစ်အောက် ကလေးငယ်အရွယ် (၄.၁၉%)၊ မူလတန်းကျောင်းသား အရွယ် (၈.၀၇%)၊ အလယ်တန်းကျောင်းသား အရွယ် (၈.၂၈%)၊ သက်ကြီးရွယ်ကြီးအရွယ် (၅.၃၅%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၂၇.၈၂)% ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၃၃၀) ဦး၊ မ (၃၅၈) ဦး စုစုပေါင်း (၆၈၈) ဦးရှိပြီး တစ်ရွာ လုံးလူဦးရေ၏ (၇၂.၁၈)% ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၆.၀၄) ဦးနှုန်း ရှိသောကြောင့် ကျေးလက် အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက် ပိုမိုနေပါ သည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး အတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှု ပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၅၀	၈၀		မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၃		၃	မြင့်□လတ်□နိမ့်□
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၂		မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၃	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၅	၅	-	မြင့်□လတ်□နိမ့်□
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁၀	၁၀		မြင့်□လတ်□နိမ့်□
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၈	၉		မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	၁	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၂	၂	-	မြင့်□လတ်□နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၃၀	၁၅	၁၅	မြင့်□လတ်□နိမ့်□
၁၈	**ကျန်းမာရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁		၁	မြင့်□လတ်□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၅၀	၄၀	၂၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁၂	-	၁၂	မြင့်□လတ်□နိမ့်□

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။ 'အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ' အရေအတွက်တွင် **'မိသားစုဝင်လုပ်အား' ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **'ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)'** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **'စိုက်ပျိုးရေး'** ကဏ္ဍ၏ **'ကိုယ်ပိုင်လုပ်ငန်း'** တွင်ရပ်တည်နိုင်မှု **'မြင့်'** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ တောင်ယာကမ်းကျေးရွာတွင် လယ်နှင့် ရော်ဘာခြံများကို ဦးစားပေး စိုက်ပျိုးလုပ်ကိုင်ကြပြီး အဆိုပါလုပ်ငန်းများတွင် နေ့စားလုပ်သားများ၊ အစေးခြစ် လုပ်သားများအဖြစ် လုပ်ကိုင်နေကြသည့် အိမ်ထောင်စုများလည်း ရှိကြပါသည်။ တိရစ္ဆာန် မွေးမြူရေးကို စီးပွားဖြစ် လုပ်ကိုင် နေကြသည့် အိမ်ထောင်စု(၁)စု ရှိပြီး တစ်ပိုင်တစ်နိုင် အဖြစ် မွေးမြူနေကြသူများလည်း ရှိပါသည်။ ဓနိတော(ပျားကျို) ခြင်းလုပ်ငန်းကိုလည်း ရာသီအလိုက် လုပ်ကိုင်ကြပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် လက်သမား၊ ပန်းရံ အဖြစ် လုပ်ကိုင်ကြသည့် အိမ်ထောင်စုများ၊ မြေအိုးပြုလုပ်ခြင်း ၊အပ်ချုပ်ခြင်း လုပ်ကိုင်သည့်

အိမ်ထောင်စုများလည်း ရှိပါသည်။ ထို့အပြင် တစ်ပိုင်တစ်နိုင် ဈေးဆိုင်များ လုပ်ကိုင်ကြပြီး ကျောင်းဆရာမများ၊ ကျန်းမာရေး ဝန်ထမ်း များအဖြစ် လုပ်ကိုင်နေကြသူများလည်း ရှိကြပါသည်။ အခြားအသက်မွေးမှု နည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စု နည်းပါးသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးသောကြောင့် တခြားပြင်ပနိုင်ငံများတွင် သွား ရောက်လုပ်ကိုင်သည့် ဦးရေ အနည်းငယ် ပိုများရခြင်း ဖြစ်ပါသည်။

ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၆၀၀၀	၇၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၁၀၀၀၀	-	၈၀၀၀	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၂၀၀၀	–	၈၀၀၀	–
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၈၀၀၀	၆၀၀၀	၇၀၀၀	၅၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ တောင်ယာကမ်းကျေးရွာတွင် လယ်ယာလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ၊ အကြမ်းအလုပ် များ၌ ဝင်ငွေရရှိမှုများစွာ မကွာခြားသော်လည်း လုပ်ငန်း

ကျွမ်းကျင်မှုအပေါ် အခြေခံ၍ လုပ်ကိုင်ရ သည့် အလုပ်များတွင်မူ ကျား/မ ဝင်ငွေ ရရှိမှု များစွာ ကွာခြားပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၆၁	ကောင်း ☐	သင့်Â	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၈	ကောင်း ☐	သင့်☐	ညံ့ Â
ဥယျာဉ်ခြံမြေ	၁၆၅	ကောင်း ☐	သင့်Â	ညံ့ ☐
ကိုင်း/ကျွန်းမြေ	–	ကောင်း ☐	သင့်☐	ညံ့ ☐
ခနီတောမြေ	၁၀	ကောင်း ☐	သင့်Â	ညံ့ ☐
စားကျက်မြေ	–	ကောင်း ☐	သင့်ွ်☐	ညံ့ ☐
မြေလွတ် မြေလပ်	–	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၃၆၄	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ တောင်ယာကမ်းကျေးရွာ၏ လယ်မြေနှင့် ဥယျာဉ်ခြံမြေများ၏ မြေဆီလွှာ ထက်သန်မှုမှာ အသင့်အတင့်သာရှိ၍ စပါးနှင့်အခြားသီးနှံများထုတ်လုပ်မှုတွင် အထွက်နှုန်းတိုးတက် လာစေရန် စိုက်ပျိုးနည်းစနစ်များ၊ မြေဆီဩဇာ အဆင့်အတန်း ကောင်းမွန်လာစေရန် လိုက်နာရမည့် နည်းစနစ်များ ကျင့်သုံးရန် လိုအပ်နေပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဧယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ□ သင့်□ နည်း□ မရှိÂ	လွယ်□ ခက်□ အသုံးမပြုနိုင်ပါ □
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ□ သင့်□ နည်း□ မရှိÂ	လွယ်□ ခက်□ အသုံးမပြုနိုင်ပါ □
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ□ သင့်□ နည်းÂ မရှိ□	လွယ်□ ခက်□ အသုံးမပြုနိုင်ပါ □
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ□ သင့်□ နည်းÂ မရှိ□	☒

ရင်းမြစ်..ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ တောင်ယာကမ်းကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ မထွက်ရှိပါ။ ကျေးရွာတွင် သဘာဝသယံဇာတ အရင်းအမြစ် များ၊ကျောက်၊ ကျောက်စရစ်) မထွက်ရှိပါ။ အခြေခံအဆောက်အဦများအတွက် လိုအပ်သော သဲ၊ ကျောက် နှင့် ကျောက်စရစ်များအား အခြားဒေသများမှ သွားရောက်ဝယ်ယူကြရပါသည်။ ကျေးရွာ ပတ်ဝန်းကျင်တွင် ဆေးဖက်ဝင် ပေါက်ရောက်သည့်အပင်များမှာ ပန်းကညင်း၊ ဒညင်း ၊တမာခါးပင်များ ပေါက်ရောက် ပါသည်။ဘဘာဝပတ်ဝန်းကျင်မှာ အမြဲစိမ်း တောများဖြင့် ဖုံးလွှမ်းလျက် ရှိပါသည်။တောတိရစ္ဆာန်မျိုးစိတ်များ ရှားပါးနေပြီဖြစ်ပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
အိမ်ထောင်စု	၃	၁၇	၄၀	၂၀

ရင်းမြစ် ... (၁) **ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ တောင်ယာကမ်းကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုမှာ (၃.၇၅%)၊ အလယ်အလတ်အိမ်ထောင်စုမှာ (၂၁.၂၅%) ရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် ဈေးဆိုင်လုပ်ငန်းများ လုပ်ကိုင်ကြသည်။ ထိုအိမ်ထောင်စု များသည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေး (သို့) ပစ္စည်းစသည်ဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပါလိမ့်မည်။ မပြေလည်သောနှင့် အလွန်မပြေလည်သော အိမ်ထောင်စု များသည် လယ်နှင့်သက်ဆိုင်သော ရာသီအလိုက် လုပ်ငန်းများနှင့် ရော်ဘာအစေး ခြစ်သည့် လုပ်ငန်းခွင်များတွင် အသက်မွေးလုပ်ငန်း လုပ်ကိုင်ကြသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) **ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၅	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ___၃_____ လုပ်အားခကြိုယူ = ___၂_____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၁၃	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ___၆_____ လုပ်အားခကြိုယူ = ___၇_____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၅	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		ချေးယူ = ___၄_____ လုပ်အားခကြိုယူ = ___၁_____

ရင်းမြစ်..ဥစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ တောင်ယာကမ်းကျေးရွာရှိ ဥစ္စာဓနအဆင့်(၃)နှင့်(၄) အိမ်ထောင်စုပေါင်း ၏ (၃၀%)အား စစ်တမ်းကောက်ယူမှုအရ ၎င်းအိမ်ထောင်စုများသည် ချေးယူခြင်းနှင့် လုပ်အားခယူခြင်းဖြင့် မိသားစုအခက်အခဲများကို ဖြေရှင်းကြပါသည်။

(ဇ-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	_		

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တောင်ယာကမ်းကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သည့် ဆင်းရဲ သည့် အိမ်ထောင်စုများ မရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ် ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီ ကြပါသည်။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် Â	နိမ့်☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် Â	လတ် ☐	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် Â	လတ် ☐	နိမ့်☐	မရှိ ☐

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၄	မိုးခေါင်ခြင်း	မြင့် □	လတ် □	နိမ့်□	မရှိ Â
၅	အအေးလွန်ကဲခြင်း	မြင့် □	လတ် □	နိမ့်□	မရှိ Â
၆	မုန်တိုင်း	မြင့် □	လတ် □	နိမ့်□	မရှိ Â
၇	ငလျင်	မြင့် □	လတ် □	နိမ့်□	မရှိ Â
၈	မီးဘေး	မြင့် □	လတ် □	နိမ့်□	မရှိ Â
၉	ဆားငန်ရေဝင်မြေ	မြင့် □	လတ် □	နိမ့်Â	မရှိ □
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် □	လတ် □	နိမ့်□	မရှိ Â
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် □	လတ် □	နိမ့်Â	မရှိ □
၁၂	၄က်ဖျားရောဂါ	မြင့် □	လတ် Â	နိမ့်□	မရှိ □
၁၃	တီဘီရောဂါ	မြင့် □	လတ် □	နိမ့်Â	မရှိ □
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် □	လတ် □	နိမ့်Â	မရှိ □
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် □	လတ် □	နိမ့်□	မရှိ Â
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် □	လတ် □	နိမ့်Â	မရှိ □
၁၇	လူကုန်ကူးခြင်း	မြင့် □	လတ် □	နိမ့်□	မရှိ Â
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် □	လတ် □	နိမ့်□	မရှိ Â

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တောင်ယာကမ်းကျေးရွာတွင် နေ့စားကျပန်းလုပ်ကိုင်သော အိမ်ထောင်စုများရှိပြီး စားနပ်ရိက္ခာ မဖူလုံမှု အနည်းငယ်သာ ရှိပါသည်။ လုပ်ကိုင်စားသောက်နိုင် သော လယ်၊ ဥယျာဉ်ခြံမြေများ အသင့်အတင့် ရှိသဖြင့် ကျပန်းလုပ်ကိုင်သော မိသားစုများမှ အဆိုပါ လုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေရရှိပါသည်။ ရာသီဥတုမှာလည်း အသင့်အတင့် မျှတသော အခြေအနေသာ ဖြစ်ပါသည်။ သစ်တော ပြုန်းတီးမှုများ ရှိနေပြီး ကျေးရွာအတွင်းတွင် ၄က်ဖျားရောဂါ၊တီဘီရောဂါ၊ ကိုယ်ခံ အားကျဆင်းမှုရောဂါ ရှိသူ အနည်းငယ်လည်း ရှိပါသည်။မြစ်/ချောင်း ရှိသဖြင့် မိုးရာသီ၌ ရေကြီးရှိသောကြောင့် လယ်မြေများ ရေဝင်ခြင်း များဖြစ်ပေါ်နေသောကြောင့် ချောင်းကော မြောင်းကော များတူးဖော်ရန် လိုအပ်နေပါသောကြောင့် သက်ဆိုင်ရာ ဆည်မြောင်း ဦးစီးဌာနသို့ တင်ပြတောင်းခံထားပြီးဖြစ်ပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် □ လတ် □ နိမ့်Â မရှိ □
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် □ လတ် □ နိမ့်Â မရှိ □
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် □ လတ် □ နိမ့်Â မရှိ □
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု	မြင့် □ လတ် □ နိမ့်Â မရှိ □
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် □ လတ် □ နိမ့်Â မရှိ □
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် □ လတ် □ နိမ့်Â မရှိ □
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် □ လတ် □ နိမ့်Â မရှိ □
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် □ လတ် □ နိမ့်Â မရှိ □
၉	ငါးကန်ပိုင်ရှင်များ	မြင့် □ လတ် □ နိမ့်□ မရှိ Â
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် Â လတ် □ နိမ့်□ မရှိ □
၁၁	လူနည်းစုလူမျိုးများ	မြင့် □ လတ် □ နိမ့်□ မရှိ Â
၁၂	ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ	မြင့် □ လတ် □ နိမ့်□ မရှိ Â
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် □ လတ် □ နိမ့်Â မရှိ □
၁၄	ရွှေတွင်းလုပ်သားများ	မြင့် □ လတ် □ နိမ့်□ မရှိ Â
၁၅	ဆေးစွဲသူများ	မြင့် □ လတ် □ နိမ့်Â မရှိ □
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် □ လတ် □ နိမ့်Â မရှိ □
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် □ လတ် Â နိမ့်□ မရှိ □
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် □ လတ် □ နိမ့်Â မရှိ □
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် □ လတ် □ နိမ့်Â မရှိ □
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် □ လတ် □ နိမ့်Â မရှိ □

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တောင်ယာကမ်းကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ် ထောင်စုများနှင့် လက်လုပ်လက်စားကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စုများ (၄၀) ရာခိုင်နှုန်းခန့် ရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာ မဖူလုံသည့် အခြေအနေများ ကြုံ တွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစား

လွယ်နိုင်ပါသည်။ ကားမောင်းရှ အသက် မွေးမှုပြုကြသည့် အိမ်ထောင်စုနှင့် ရွှေ့ပြောင်း လုပ်သားများရှိသော အိမ်ထောင်စုများ နည်းပါးပြီး ၄င်းတို့သည် ထိခိုက်လွယ်မှု နိမ့်ကြ ပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	နာရေးကူညီမှု အသင်း	၁□ ၂Â ၃□	၇၅	၄၀	၁၁၅	ပညာရေး □ ဌေးကြေး □ ကျန်းမာရေး Â ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် Â ညံ့ □
၂	ကာလသား/သမီးအဖွဲ့	၁□ ၂Â ၃Â	၈၀	၄၀	၁၂၀	ပညာရေး □ ဌေးကြေး □ ကျန်းမာရေး □ ဘာသာရေး Â စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း Â သင့် □ ညံ့ □
၃	အိမ်ထောင်ငယ်အဖွဲ့	၁□ ၂Â ၃Â	၂၀	၃၀	၅၀	ပညာရေး □ ဌေးကြေး □ ကျန်းမာရေး □ ဘာသာရေး Â စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် Â ညံ့ □
၄	မိခင်နှင့်ကလေး စောင့်ရှောက်ရေး	၁□ ၂□ ၃□	–	၁၀	၁၀	ပညာရေး □ ဌေးကြေး □ ကျန်းမာရေး Â ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး Â	ကောင်း □ သင့် □ ညံ့ Â
၅	မေတ္တာစမ်းရေပရဟိတအဖွဲ့	၁□ ၂□ ၃□	၃၀	၂၀	၅၀	ပညာရေး □ ဌေးကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □	ကောင်း □ သင့် □ ညံ့ □

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့် ကာကွယ်ရေး □	
၆	ဂေါပကအဖွဲ့	၁□ ၂□ ၃Â	၁၀	–	၁၀	ပညာရေး □ ဌေးကြေး □ ကျန်းမာရေး □ ဘာသာရေး Â စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ Â
၇	ရပ်မိရပ်ဖ	၁□ ၂□ ၃□	၅	–	၅	ပညာရေး Â ဌေးကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး Â သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး Â	ကောင်း Â သင့် □ ညံ့ □
၈	ကျောင်းအကျိုးတော်ဆောင်အဖွဲ့	၁□ ၂Â ၃□	၅	–	၅	ပညာရေး Â ဌေးကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး Â သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး Â	ကောင်း □ သင့် Â ညံ့ □

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ဌေစုဌေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

